# ဓမ္မခန္ဓာ (၆၃) သီလကြောင်များ (အလ်-မုနာဖီကူးန်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၄)၊ သုတ်ဒေသနာ (၁၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်-ဲး

| | |
|---|---|
| ၁။ | **إِذَا جَاءكَ الْمُنَافِقُونَ قَالُوا نَشْهَدُ إِنَّكَ لَرَسُولُ اللَّهِ وَاللَّهُ يَعْلَمُ إِنَّكَ لَرَسُولُهُ وَاللَّهُ يَشْهَدُ إِنَّ الْمُنَافِقِينَ لَكَاذِبُونَ۞**<br>သင့်ထံသို့ သီလကြောင်များ ရောက်လာသောအခါ "အသင်သည် ပရမတ်ဘုရားရှင်၏ ဥာဏ်စဉ်တော်ဆောင်ဖြစ်ကြောင်း ကျွန်ုပ်တို့ သက်သေတည်ပါ၏၊"ဟု ပြောဆိုကြ၏။ သင်သည် အရှင်၏ ဥာဏ်စဉ်တော်ဆောင်ဖြစ်ကြောင်းကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။ ထို့ပြင် ပရမတ်ဘုရားရှင်က သီလကြောင်တို့သည် လိမ်ညာသူများ ဖြစ်ကြောင်းကိုလည်း သက်သေဖြစ်တော်မူ၏။ |
| ၂။ | **اتَّخَذُوا أَيْمَانَهُمْ جُنَّةً فَصَدُّوا عَن سَبِيلِ اللَّهِ إِنَّهُمْ سَاء مَا كَانُوا يَعْمَلُونَ۞**<br>သူတို့သည် သူတို့၏ ကျိန်ဆိုချက်ကို အကာအကွယ် ယူနေကြ၏။ သို့ဖြင့် သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဟန့်တားစေ၏။ ကေန်ပင် သူတို့၏ ကျင့်ကြံမှုများသည် အကုသိုလ်သာလျှင် ဖြစ်ချေ၏။ |
| ၃။ | **ذَلِكَ بِأَنَّهُمْ آمَنُوا ثُمَّ كَفَرُوا فَطُبِعَ عَلَى قُلُوبِهِمْ فَهُمْ لَا يَفْقَهُونَ۞**<br>ယင်းသို့ ဖြစ်ရခြင်းမှာ သူတို့သည် ယုံကြည်ကြ၏။ ထို့နောက် ဖုံးကွယ်ကြကုန်၏။ သို့ဖြင့် သူတို့၏ နှလုံးသားပေါ်၌ တံဆိပ်ခတ်နှိပ်ထားပြီ၊ သူတို့၌ နားလည်နိုင်အား မရှိချေ။ |
| ၄။ | **وَإِذَا رَأَيْتَهُمْ تُعْجِبُكَ أَجْسَامُهُمْ وَإِن يَقُولُوا تَسْمَعْ لِقَوْلِهِمْ كَأَنَّهُمْ خُشُبٌ مُّسَنَّدَةٌ يَحْسَبُونَ كُلَّ صَيْحَةٍ عَلَيْهِمْ هُمُ الْعَدُوُّ فَاحْذَرْهُمْ قَاتَلَهُمُ اللَّهُ أَنَّى يُؤْفَكُونَ۞**<br>သူတို့အား သင် မြင်တွေ့ရသော် သူတို့၏ အသွင်အပြင်ကြောင့် သင် စိတ်လှုပ်ရှားနိုင်၏။ သူတို့ ပြောဆိုကြသော် သူတို့၏ အပြောအဆိုကို သင် နားထောင်လိုနိုင်၏။ သူတို့သည် အနှစ်မရှိသော သစ်ခေါင်းပွကဲ့သို့ ဖြစ်၏။ သူတို့သည် အသံတိုင်းကို သူတို့အား ဆန့်ကျင်သည်ဟု ထင်မှတ်ကြ၏။ သူတို့သည်သာ ရန်သူ အစစ်များ ဖြစ်ကြ၏။ သူတို့အား သတိထားလော့။ ပရမတ်ဘုရားရှင်သည် သူတို့အား ပျက်စီးစေလတ္တံ့၊ သူတို့သည် ဦးလည်သူများ ဖြစ်ကြ၏။[၁၀၅၇] |
| ၅။ | **وَإِذَا قِيلَ لَهُمْ تَعَالَوْا يَسْتَغْفِرْ لَكُمْ رَسُولُ اللَّهِ لَوَّوْا رُؤُوسَهُمْ وَرَأَيْتَهُمْ يَصُدُّونَ وَهُم مُّسْتَكْبِرُونَ۞**<br>သူတို့အား "သင်တို့ကို လွှတ်ငြိမ်းဆုပန်ပေးရန် ပရမတ်ဘုရားရှင်၏ ဥာဏ်စဉ်တော်ဆောင်ဘက်သို့ လှည့်ကြလော့၊" ဟု ပြောသောအခါ၊ သူတို့ ဦးခေါင်းကို လှည့်သွားကြ၍၊ သူတို့သည် ဟန့်တားနေသည်ကို သင်တွေ့ရ၏။ သူတို့သည် မာန်တက်နေသူများ ဖြစ်ကြ၏။ |

---

(၁၀၅၇) ဤသုတ်တော်များသည် အစ္စလာမ်သာသနာ၏ ရန်သူ အစစ်များကို တင်ပြထားပေသည်။ အစ္စလာမ်သာသနာအား မသိသူ၊ မသိ၍ လက်မခံသေးသူများသည် အစ္စလာမ်၏ ရန်သူများ မဟုတ်ချေ။ အစ္စလာမ်သာသနာအား သက်ဝင်ပါသည်ဟု ပြောဆိုလျှက်- အပြောကောင်းကောင်း ပြော၍ အစ္စလာမ်သာသနာ၏ အတွင်းမှ သာသနာအား ပျက်စီးစေရန် ပြုသူ၊ တစ်ပါးသူတို့ အစ္စလာမ်သာသနာသို့ ဝင်ရောက်လိုခြင်းမှ ဟန့်တားနေသူ တို့သည်သာ အစ္စလာမ်၏ ရန်သူများ ဖြစ်၍၊ ထိုသူများကိုသာ သတိထားရမည့်အကြောင်း ဤသုတ်တော်၌ အတိအကျ ဖော်ပြပေသည်။

၆။ سَوَاء عَلَيْهِمْ أَسْتَغْفَرْتَ لَهُمْ أَمْ لَمْ تَسْتَغْفِرْ لَهُمْ لَن يَغْفِرَ اللَّهُ لَهُمْ إِنَّ اللَّهَ لَا يَهْدِي الْقَوْمَ الْفَاسِقِينَ۝

သင်သည် သူတို့အတွက် လွတ်ငြိမ်းဆုပန်သည် ဖြစ်စေ၊ လွတ်ငြိမ်းဆု မပန်သည်ဖြစ်စေ မထူးချေ။ ပရမတ်ဘုရားရှင်သည် သူတို့အား လွတ်ငြိမ်းစေမည် မဟုတ်ချေ။ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ယုတ်မာသော လူမျိုးသား လမ်းညွှန်တော် မမူချေ။

၇။ هُمُ الَّذِينَ يَقُولُونَ لَا تُنفِقُوا عَلَى مَنْ عِندَ رَسُولِ اللَّهِ حَتَّى يَنفَضُّوا وَلِلَّهِ خَزَائِنُ السَّمَاوَاتِ وَالْأَرْضِ وَلَكِنَّ الْمُنَافِقِينَ لَا يَفْقَهُونَ۝

သူတို့က "ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင် ထံပါး၌ ရှိသူများအတွက် မသုံးစွဲကြလင့် သို့မှ ၎င်းတို့ အဆက်ဖြတ်သွားနိုင်ရာ၏၊"ဟု ပြောဆိုကြ၏။ မိုးများနှင့် မြေကမ္ဘာတွင် ရှိသည့် ဘဏ္ဍာတော်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ သို့ရာတွင် သီလကြောင်တို့သည်ကား နားလည်နိုင်အား မရှိချေ။

၈။ يَقُولُونَ لَئِن رَّجَعْنَا إِلَى الْمَدِينَةِ لَيُخْرِجَنَّ الْأَعَزُّ مِنْهَا الْأَذَلَّ وَلِلَّهِ الْعِزَّةُ وَلِرَسُولِهِ وَلِلْمُؤْمِنِينَ وَلَكِنَّ الْمُنَافِقِينَ لَا يَعْلَمُونَ۝

မဒီနာ

သူတို့က "ကျွန်ုပ်တို့သည် နေပြည်တော်သို့☆ ပြန်ရောက်လျှင် အင်အားသာသူများက အင်အားနဲ့သူများကို ထိုမှ မောင်းထုတ်ပစ်မည်၊"ဟု ပြောဆို၏။ လက်ရုံး ဂုဏ်သိန်တို့သည် ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်တော်ဆောင်နှင့် ယုံကြည်သူတို့၏ အချုပ်အခြာ၌ ရှိ၏။ သို့သော် သီလကြောင်တို့ မသိကြချေ။

၉။ يَا أَيُّهَا الَّذِينَ آمَنُوا لَا تُلْهِكُمْ أَمْوَالُكُمْ وَلَا أَوْلَادُكُمْ عَن ذِكْرِ اللَّهِ وَمَن يَفْعَلْ ذَلِكَ فَأُوْلَئِكَ هُمُ الْخَاسِرُونَ۝

အို ယုံကြည်သောသူတို့ သင်တို့၏ ဥစ္စာပစ္စည်း၊ သင်တို့၏ သားသမီးများက သင်တို့အား ပရမတ်ဘုရားရှင်ကို သတိရရှုမှတ်ခြင်းမှ မကင်းလွတ်စေလင့်။ ထိုသို့ ပြုကျင့်သူဖြစ်က ထိုသူတို့သည် နစ်နာဆုံးရှုံးသူများ ဖြစ်ကြလတ္တံ့။

၁၀။ وَأَنفِقُوا مِن مَّا رَزَقْنَاكُم مِّن قَبْلِ أَن يَأْتِيَ أَحَدَكُمُ الْمَوْتُ فَيَقُولَ رَبِّ لَوْلَا أَخَّرْتَنِي إِلَى أَجَلٍ قَرِيبٍ فَأَصَّدَّقَ وَأَكُن مِّنَ الصَّالِحِينَ۝

သေခြင်းတရားသည် သင်တို့မှ တစ်စုံတစ်ဦးထံသို့ ပေးရောက်မလာမီ သင်တို့အား ရိက္ခာပေးထားရာမှ လှူဒါန်း သုံးစွဲကြလော့။ သို့ဖြင့် သူသည် "အို ကံကြမ္မာရှင် အရှင်သည် နီးကပ်လာသော ကာလအား တပည့်တော်မှ နောက်ဆုတ်မထားလေလျှင် တပည့်တော်သည် လှူဒါန်းဒါနပြုခြင်းဖြင့် ပြုပြင်ပြောင်းလဲသူတို့မှ ဖြစ်ရလတ္တံ့၊"ဟု ပြောမည်ပင်။

၁၁။ وَلَن يُؤَخِّرَ اللَّهُ نَفْسًا إِذَا جَاء أَجَلُهَا وَاللَّهُ خَبِيرٌ بِمَا تَعْمَلُونَ۝

သူ၏ သတ်မှတ်ချိန် ရောက်လာလျှင် ပရမတ်ဘုရားရှင်သည် မည်သည့် ဉာဉ်စရိုက်အတွက်မျှ နောက်ဆုတ်မထားချေ။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံလေသမျှကို သတင်းသိနေတော်မူ၏။[၁၀၅၈]

---

(၁၀၅၈) ကောင်းမှုသီလတို့အား နောက်နေ့တွင်မှ လုပ်မည်ဟု အချိန်ဆွဲနေလေ့ရှိသော ဉာဉ်စရိုက်များကို ဤသုတ်တော်မှ သတိပေးထားခြင်း ဖြစ်ပေသည်။ လူသည် ကောင်းမှုလုပ်ဆောင်ရန် အချိန်ဆွဲနေတတ်သော်လည်း– သူ့အား သေခြင်းတရား သို့မဟုတ် ကောင်းမှု ဆိုးမှုမလုပ်နိုင်တော့သော နေ့ကာလက အချိန်ပေး စောင့်နေခြင်း မရှိချေ။